ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

*Yangon Protestant Reformed Church*

**တနင်္ဂနွေစာစောင်၊ နံပတ် (၁၃၄)**

နေ့စွဲ - ၁၈. ၁၁. ၂၀၁၂

<u>*သမိုင်းကဏ္ဍ*</u>

## ခလဲယားဗောက်စ်ဒေသမှ ဘားနတ် – ဘုန်းကြီးကျောင်းပြုပြင်သူနှင့်တရားဟောဆရာ

(Bernard of Clairvaux -Monastic Reformer and Preacher)

**နိဒါန်း**

အလယ်ခေတ်များ(Middle Ages)ထဲမှ အသင်းတော်၏သမိုင်းကို နားလည်ဖို့ဆိုလျှင်၊ ထိုခေတ်များတွင် ရှိခဲ့သော ဘုန်းတော်ကြီးကျောင်းစနစ်များ(Monasticism)ကို နားမလည်လျှင် ဖြစ်နိုင်မည်မဟုတ်ပါ။ (အလယ်ခေတ်များကို အေဒီ ၅၀၀ ခန့်မှ ၁၅၀၀ ခန့်ထိ ဟုပြော၍ရပါမည် - ဘာသာပြန်သူ)။ ဘုန်းကြီးကျောင်းစနစ်သည် ထိုခေတ်၏အလွန်အရေးပါသောစနစ်တရပ်ဖြစ်သဖြင့် ထိုခေတ်အသင်းတော်သမိုင်းကို အလွန်လွှမ်းမိုးခဲ့ပါသည်။ အသင်းတော်၏ရှုထောင့်အားလုံးကို ထို ဘုန်းကြီးကျောင်းစနစ်ထဲတွင်သာ တွေ့ရမည်ဖြစ်သည်။ ဘုန်းကြီးကျောင်းစနစ်သည် အတော်စောစောကလေးအချိန်ကပင် စတင်ခဲ့ပါသော်လည်း (အေဒီ သုံးရာစုဝန်းကျင်ကပင်စခဲ့ပြီ)၊ ၄င်းစနစ်၏အမြင့်ဆုံးအဆင့်၊ လွှမ်းမိုးမှုကို အလယ်ခေတ်များတွင်ဖြစ်ပေါ်လာခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်းများကို တည်ထောင်ကြခြင်းဖြင့် ဥရောပတိုက်ရှိ လူရိုင်းများထံ ဧဝံဂေလိတရား ရောက်ရှိသွားခဲ့ခြင်းဖြစ်ပါသည်။ ဘုန်းတော်ကြီး အနည်းငယ်ပါဝင်သောအုပ်စုကလေးသည် ဥရောပတိုက်၏တော်ကြီးမျက်မဲထဲ ဝင်ရောက်သွားကြသည်၊ဘုန်းကြီးကျောင်းငယ်ကလေးတခုကို စတင်ကာ ထိုနေရာတွင် စုဝေးနေထိုင်ကြသည်၊ ထိုနေရာမှနေ၍ ပတ်ဝန်းကျင် ဥရောပတိုက်သား လူရိုင်းမျိုးနွယ်များထံ ဧဝံဂေလိစတင်ဟောကြားကြပါသည်။ ထိုသို့ သာသနာပြုလုပ်ငန်းကို စတင်ကြခြင်းဖြစ်သည်။

ဥရောပတိုက်တခွင်တွင် ဘုန်းတော်ကြီးကျောင်းများကို ရာနှင့်ချီ၍ တည်ထောင်ခဲ့ကြသည်။ ထိုင်းမှိုင်းငြီးငွေ့ဖွယ်ကောင်းလှသော အလယ်ခေတ်သမိုင်းကြောင်း၊ မိမိ၏သွားလမ်းကိုချီတက်ခဲ့သည့်အခါ၊ ထိုဘုန်းတော်ကြီးကျောင်းများသည် အသင်းတော်ဘဝ၏အချက်အချာနေရာများ ဖြစ်လာခဲ့ကြပါတော့သည်။ ထောင်ပေါင်းများစွာတို့သည် ထိုကျောင်းများ၏ဆွဲဆောင်မှုကို ခံခဲ့ကြရကာ၊ မိမိတို့ဘဝ၏ စစ်မှန်သောဝိညာဉ်ရေးအသက်ရှင်မှုကို ရှာတွေ့ကြဖို့ ဝင်ရောက်ခဲ့ကြပါသည်။ လူတန်းစားမျိုးစုံမှ လူများ ဘုန်းတော်ကြီးကျောင်းဝင်ရောက်ခြင်း ကျိန်ဆိုမှုကို ပြုကာ ဝင်ရောက်ခဲ့ကြသည်။ အလွန့်အလွန် ဆင်းရဲသူများမှစ၍ အလွန်ချမ်းသာသူများ၊ အာဏာကြီးသူများပါ ပါဝင်ခဲ့ကြသည်။ မည်သူမျှမသိကြသော အညတရများနည်းတူ၊ ဘုရင့်မျိုးနွယ် မင်းသား/မင်းသမီးများ၊ အုပ်ချုပ်သူလူတန်းစာများလည်း ဝင်ရောက်ခဲ့ကြပါသည်။ ဘုန်းကြီးကျောင်းများသို့ မဝင်ရောက်ခဲ့သူများသည်လည်း၊ ၄င်းတို့၏ လွှမ်းမိုးမှုကို အတော်ခံခဲ့ကြရပါသည်၊ တခါတရံ အလွန်လွှမ်းမိုးခြင်းခံကြရသဖြင့် မိမိတို့ပိုင်သော ကျယ်ဝန်းလှသော မြေနေရာများ၊ များစွာသောငွေကြေးများ၊ ရွှေငွေကျောက်သံပတ္တမြားများ၊ စာအုပ်များကို ဘုန်းကြီးကျောင်းများသို့ ပေးအပ်ခဲ့ကြပါသည်။ တွက်ချက်မှုများအရ အချိန်ကာလတခုသို့ ရောက်သောအခါ၊ ဥရောပတိုက်မြေနေရာ၏ ငါးပုံတပုံကို ဘုန်းကြီးကျောင်းများက ပိုင်ဆိုင်နေကြပါတော့သည်။

ထိုသို့ထုထည်ကြီးမားလှသော ကြွယ်ဝမှုက ဝိညာဉ်ရေးရာနှင့်ကိုယ်ကျင့်တရားဆိုင်ရာ ဖေါက်ပြန်ကျဆုံးမှုများသို့ မဖြစ်မနေ ရောက်ရှိစေခဲ့ပါသည်။ ရလဒ်မှာ ဘုန်းကြီးကျောင်းများ၏အခြေအနေသည် ယိုယွင်းကျဆုံးသွားခြင်း၊ ပြန်လည်ပြုပြင်ခြင်း စသည့်ကာလအပိုင်းအခြားများကို ထပ်ခါတလဲလဲ ကျော်ဖြတ်နေခဲ့ရခြင်းဖြစ်သည်။ ထိုသို့သောပြုပြင်ခြင်းမျိုးသည် ယေဘုယျအားဖြင့် ဘုန်းတော်ကြီးဂိုဏ်းသစ်တဂိုဏ်း(new monastic order) တည်ထောင်ခြင်းဖြင့် ဖြစ်လေ့ရှိပါသည်။ ထိုအသစ်ထောင်သောဂိုဏ်းသည် လျှင်မြန်စွာတိုးတက်လာသည်မှာ၊ တခါတရံ ရာချီသော ဘုန်းကြီးကျောင်းများ တည်ထောင်နိုင်လာသည်အထိဖြစ်တတ်ပါသည်။ အချို့ဘုန်းကြီးကျောင်းများသည်၊ ဘုန်းတော်ကြီးများအတွက် ဖြစ်ကြပြီး၊ အချို့တို့မှာ သီလရှင်(အမျိုးသမီးသီးသန့်)တို့အတွက် ဖြစ်ပါသည်။

ဘုန်းတော်ကြီးကျောင်းတိုင်းသည် ကိုယ့်ဂိုဏ်းနှင့်ကိုယ် ရပ်ကြပါသည်၊ တနည်းအားဖြင့် ကိုယ့်ဂိုဏ်း၏ ဥပဒေသများနှင့်အညီ ရပ်တည်ကြခြင်းဖြစ်သည်။ သို့သော် ဂိုဏ်းအားလုံးက တညီအညွတ်တည်း သဘောတူကြသောအချက်များတော့ ရှိကြပါသည်။ ၄င်းတို့မှာ ခြိုးခြံစွာနေထိုင်ခြင်း၊ စင်ကြယ်စွာနေထိုင်ခြင်း၊ အိမ်ထောင်မပြုခြင်း စသည်တို့ကို ပြုလုပ်ပါမည်ဟု ကတိပေးကျိန်ဆိုခြင်းကိုပြုခြင်းဖြင့် ဘုန်းကြီးကျောင်းတါင်နေထိုင်ရသောအသက်တာ စတင်ပါသည်။

ထိုဘုန်းတော်ကြီးကျောင်းများတွင် အလယ်ခေတ်အသင်းတော်(medieval church)၏ အကောင်းဆုံးများနှင့် အဆိုးဝါးဆုံးများကို တွေ့ရခြင်းဖြစ်ပါသည်။ ထိုဘုန်းတော်ကြီးကျောင်းများ ဝိညာဉ်ရေးအရ ယိုယွင်းလာကြသောအခါ၊ ဘုန်းတော်ကြီးကျောင်းများတွင် နေထိုင်ကြသူများသည် နေအောက်တွင်ပြုနိုင်သမျှသော၊ လူသားတို့ကပြုလုပ်ကျူးလွန်နိုင်သမျှသော ဆိုးဝါးလှသည့်အပြစ်များ အားလုံးကို ပြုလုပ်ကြသူများ ဖြစ်လာကြပါသည်။ ၄င်းတို့သည် တခါတရံ ဒုစရိုက်နယ်မြေများ (သို့) မိလ္လာ/ချီးတွင်းများသဖွယ်မျိုးစုံသောဒုစရိုက်မှုများပြုလုပ်သောနေရာ ဖြစ်လာတတ်ကြပါသည်။ အလွန်အကျူးပြုကျင့်သူများ၊ အရက်သမားများ၊ ကိုယ်ကျင့်တရားပျက်ပြားမှုဖေါက်ပြန်ခြင်းမျိုးစုံ၊ ဘာကိုမှမသိမှု၊ အလွန်အကျွံအယူသည်းမှုတို့ဖြင့် ပြည့်နှက်လျှက်သာ ရှိနေပါသည်။ ဘုန်းကြီးကျောင်းများက တစ်ဝက်တပျက်-ဘုန်းကြီး(quasi-clergy)ဆိုသည့်အမျိုးအစားကိုလည်း ထုတ်လုပ်ပေးပါသည်။ ၄င်းတို့သည် ဘုန်းတော်ကြီးများလည်းမဟုတ်၊ ရိုးရိုးလူလည်းမဟုတ်ကြပါ၊ သို့သော် အသင်းတော်ကိစ္စများကို ဆောင်ရွက်ကြသည့် ဘုန်းတော်ကြီးများကိစ္စတွင် မကြာခဏ ပါဝင်တတ်ကြပါသည်။ ဝင်ရှုပ်ကြပါသည်။ ၄င်းတို့သည် အတည်တကျမရှိ ဥရောပတလျှောက် ဦးတည်ရာ

သွားလာနေကြသူများဖြစ်ကြသည်။ တရားဟောခြင်း၊ ပွဲတော်မင်္ဂလာများပြုလုပ်ပေးခြင်း၊ ဘာသာရေးကိစ္စများတွင်ဝင်ပါခြင်းစသည်တို့ကို မိမိတို့သဘောအတိုင်း ကောင်းသည်ထင်သလို လုပ်ကိုင်တတ်ကြသူများဖြစ်ကြသည်။ လူထုကို အုံ့ဩစရာများလုပ်နိုင်ကြလေသယောင်နှင့် ညာဝါးသူများဖြစ်ကြသည်။ လူထုကို မျိုးစုံလွန်းသောအယူသည်းမှုများဖြင့် လိမ်ညာသူများဖြစ်ကြသည်။ သူတို့သည် ချမ်းသာကြပါသည်၊ ပျင်းရိကြသည်၊ မိမိတို့၏ချမ်းသာခြင်းအာဏာဖြင့် အသင်းတော်၏အမှုကိစ္စများတွင် ဆရာလုပ်ကြသူများဖြစ်သည်။ ဘုန်းကြီးများသည် တချိန်တည်းတွင် ပုတ်ရဟန်းမင်း၏ အဆင်သင့်စစ်တပ်လည်း ဖြစ်ပါသည်။ သူတို့သည် ရောမမြို့တော်မှ ပုတ်ရဟန်းမင်းကို ထာဝရသစ္စာရှိသူများဖြစ်ကြသည်။ ပုန်ရဟန်းမင်းအတွက် စိတ်အားထက်သန်သော၊ အစွန်းရောက်သော အားမန်(zeal)နှင့် အမှုထမ်းကြပါသည်။ ဆိုးညစ်သောပုတ်ရဟန်းမင်းများက ထိုဘုန်းကြီးများကို အသုံးပြုကြကာ၊ မိမိတို့အလိုဆန္ဒကို ပေကပ်ကပ်လုပ်ကြသော အဆင့်မြင့်ဘုန်းတော်ကြီးများ၊ ဘုရင်များ၊ နိုင်ငံများ၊ ဘုန်းတော်ကြီးရာထူးဌာနများက လိုက်နာကြဖို့ အင်အားပြလေ့ရှိပါသည်။ အတင်းအကြပ် လုပ်ခိုင်းလေ့ရှိပါသည်။ အမှန်ဆိုလျှင်လည်း ဘုန်းတော်ကြီးကျောင်းများဆိုသည်မှာ ကျမ်းစာနှင့် လုံးဝမကိုက်ညီစွာ တည်ထောင်ကြခြင်းသာဖြစ်ပါသည်။ စစ်မှန်သောသန့်ရှင်းခြင်းကို ကမ္ဘာကြီးအားစွန့်ပစ်ခဲ့ခြင်း (သို့) ကမ္ဘာကြီးမှ ထွက်ပြေးခြင်းဖြင့်သာ ရနိုင်မည်ဆိုသော အယူအဆအိုင်ဒီယာအမှားအပေါ် အခြေခံထားခြင်းဖြစ်သည်။

တချိန်တည်းတွင် ဘုန်းကြီးကျောင်းများက အသင်းတော်၏အကောင်းဆုံးအခြေအနေကိုလည်း ပြည့်ဝှန်နေပြန်ပါသည်။ ပျက်စီးခြင်းများမရှိကြသည့် ဘုန်းတော်ကြီးကျောင်းများသည် တိတ်ဆိတ်သော၊ ဝိညာဉ်ရေးရာကိုအနားရစေသော နေရာကောင်းများဖြစ်ကြပါသည်။ အထူးသဖြင့် ဝရုန်းသုန်းကားဖြစ်နေသော၊ လူရိုင်းမျိုးနွယ်စုံတိုက်ခိုက်နေကြမှုများအတွက် ရှုပ်ထွေးနေသော ဥရောပတိုက်လိုနေရာမျိုးအတွက် ပို၍မှန်နေပါသည်။ ထိုနေရာများသည် ထိုခေတ်နေထိုင်ကြသည့် ယောကျ်ားများ၊ မိန်းမများအတွက် ကျမ်းစာများကို ဖတ်ရှုဆင်ခြင်တွေးတောလျှက်၊ ဆုတောင်းလျှက်၊ မိမိတို့ကိုယ်ကို ငြင်းပယ်သောအသက်တာဖြင့် စည်းကမ်းကျစွာ ထိန်းသိမ်းလျှက် စစ်မှန်သောဘုရားတရားကြောက်ရွံ့ရိုသေခြင်းကို ဖွံ့ဖြိုးတိုးတက်စေသောနေရာများလည်း ဖြစ်ကြပါသည်။ ဘုန်းတော်ကြီးကျောင်းများသည် မုန်တိုင်းထန်သောပင်လယ်နှင့်တူသည့် ဥရောပတိုက်လူနေမှုဘဝထဲ လုံခြုံမှုနှင့်ငြိမ်းချမ်းမှုတို့ရှိရာ ကျွန်းငယ်ကလေးများနှင့်တူကြပါသည်။ ၎င်းတို့က အိုးမဲ့အိမ်မဲ့များကို နေစရာပံ့ပိုးပေးကြသည်၊ ဖျားနာသူများအတွက် ဆေးရုံဖြစ်သည်၊ စာမတတ်သူများအတွက် စာသင်ကျောင်းများဖြစ်ကြသည်။ ခရီးသွားများအတွက် တည်းခိုစရာများဖြစ်ကြသည်။ လှည့်လည်သောင်းကျန်းနေကြသော ဓါးပြများ၊ စစ်သူရဲများ၏ဘေးအန္တရယ်များမှ လုံခြုံမှုပေးနိုင်သောနေရာများဖြစ်ကြသည်။ ၎င်းဘုန်းတော်ကြီးကျောင်းများက ဥရေပတိုက်၏ အကြီးကျယ်ဆုံးတက္ကသိုလ်ကြီးများနှင့် စုလစ်မွန်းချွန်များပြည့် ဘုရားရှိခိုးကျောင်းကြီးများကို ထုတ်လုပ်ပေးပါသည်။ ၎င်းတို့က ဥယာဉ်ခြံစိုက်ပျိုးခြင်းနှင့်စိုက်ပျိုးရေးသိပ္ပံပညာရပ်များကို ဖွံ့ဖြိုးတိုးတက်စေခဲ့ကြပါသည်။ ထိုဘုန်းကြီးကျောင်းများက အနုပညာအတတ်မျိုးစုံ၊ လက်မှုအတတ်မျိုးစုံတို့ကိုလည်း ထုတ်လုပ်ပေးကြပါသည်၊ နောက်ပိုင်းတွင်ထိုအတတ်ပညာများသည် စက်မှုထွန်းကားရာစက်ရုံများဖြစ်လာခဲ့ကြသည်။ ထိုဘုန်းကြီးကျောင်းများထဲတွင် စာအုပ်များကို ထိန်းသိမ်းကြသည်၊ ကော်ပီပွားကြသည်၊ အထူးသဖြင့် ကျမ်းစာများကိုဖြစ်ပါသည်။ ထိုသို့ အင်မတန်ခက်ခဲပင်ပန်းစွာ အသေးစိတ်ကူးယူပေးခဲ့ကြသော ဘုန်းကြီးများကြောင့်၊ ကျွန်တော်တို့သည် ယနေ့ခါတွင် စစ်မှန်သောကျမ်းစာ မူရင်းစာမူများကို ရရှိနိုင်ကြခြင်းဖြစ်ပါသည်။ ၎င်းဘုန်းကြီးကျောင်းများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများသည်၊ အသင်းတော်ကို လွှမ်းမိုးဝါးမျိုဖို့ ရောက်လာခဲ့သော ပျက်ဆီးယိုယွင်းခြင်း ဒီရေလှိုင်းများအား ခုခံထားသည့် ရေကာတာများနှင့် တူကြပါသည်။

ငယ်စဉ်ဘဝအကြောင်း

ဘားနတ်သည် ထိုသို့သောအခြေအနေကြားတွင် ဖွားမြင်လာခဲ့ခြင်းဖြစ်သည်။ အေဒီ ၁၀၉၀တွင် သူ့ကို ဖွားမြင်သော ဗာဂန်ဒီနယ်၊ ပြင်သစ်နိုင်ငံရှိ ဖွန်တိန်း-လာ-ဒီယွန်း ရဲတိုက်ကြီးသည်၊ အနည်းငယ်နိမ့်သောသူကောင်းမျိုးနွယ်ပိုင် ရဲတိုက်တခုဖြစ်ပါသည်။ သူ့ကိုဖွားမြင်သောမိသားစုသည် အင်မတန် ဘုရားတရားကိုင်းရှိုင်းသောမိသားစု၊ ယနေ့ခေတ်အခေါ်နှင့်ပြောရလျှင် အတော်ကလေး ရှေးရိုးဆန်သော မိသားစုတစုဖြစ်ပါသည်။ သူ့ဖခင် တက်စ်လင်း သည် ပထမခရူးစိတ်စစ်ပွဲသို့ ပါဝင်တိုက်ခိုက်လျှက်၊ အနည်းငယ်သာပြန်လာ နိုင်ကြသော လူစုထဲတွင် ပါဝင်သူဖြစ်သည်။ သူ့မိခင်မှာ အလီသေးယာ ဆိုသူအမျိုးသမီးကောင်းဖြစ်သည်။ ဘုရားတရားရိုသေလွန်းသူထဲမှ ရှားပါးလှစွာ ကိုင်းရှိုင်းသူဖြစ်သည်။ ဩဂတ်စတင်အတွက် မိခင် မော်နီကာ ဖြစ်ခဲ့သလို၊ ဘားနတ်အတွက် သူ့မိခင်ဖြစ်ပါသည်။

မူးမတ်မျိုးနွယ်ဖြစ်သဖြင့် အမတ်ကြီးဖြစ်လာရန် ပညာသင်ယူခဲ့ပါသော်လည်း၊ မကြာပါ ဘားနတ်သည် သူ့ဘဝကို စွန့်ပစ်ကာ၊ အသစ်တည်ထောင်သော ဘုန်းတော်ကြီးကျောင်းစနစ်သို့ ဝင်ရောက်ခဲ့ပါသည်။ ထိုအချိန်တွင် သူသည် အသက် (၂၂)သာရှိသေးသည်။ သူသည် ဘုန်းကြီးကျောင်းသို့ စိတ်အားထက်သန်စွာ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ သူ၏ညီအကို (၅)ရောက်၊ သူစည်းရုံးထားသူ အယောက်(၃၀)နှင့်အတူ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ သူသည် အလွန်တယူသန်သောဘုန်းကြီးဖြစ်သည်၊ မိမိကိုယ်ကို ပြင်းထန်စွာ ခြိုးခြံခြင်းအကျင့်တို့၌ ကျင့်ကြံလွန်းသဖြင့် မိမိကျန်းမာရေးကို တသက်တာအတွက် ဖျက်ဆီးပစ်ခဲ့သူဖြစ်ပါသည်။ နောက်ပိုင်းဘဝများတွင် ထို့အတွက် သူ အတော်လေးစိတ်မကောင်း ဖြစ်ခဲ့ပါသည်။ သူ့အသက် (၂၅)နှစ်တွင် သူ့အထက်ဘုန်းတော်ကြီးက သူ့ကို ခလဲယားဗောက်စ် အရပ်တွင် ဘုန်းကြီးကျောင်းအသစ်တည်ထောင်ဖို့ လွှတ်လိုက်ပါသည်။ ၎င်းသည် သူ့ဘဝလှုပ်ရှားလုပ်ဆောင်မှုအားလုံး၏ ဗဟိုနေရာဖြစ်လာခဲ့သည်မှာ သူသေသည့်တိုင်ဖြစ်သည်။ ၁၁၅၃ အသက်(၆၃)နှစ်တွင် ကွယ်လွန်ပါသည်။

မိမိဘဝကို ဘုန်းကြီးကျောင်း စံပြနမူနာဖြစ်ဖို့ မြှုပ်နှံထားသူဖြစ်သဖြင့် သူသည် နောက်ထပ် ဘုန်းကြီးကျောင်း (၇၀)ကို ထပ်မံတည်ထောင်ခဲ့ကာ၊ ဘုန်းကြီးကျောင်း(၉၀)ကို အုပ်ချုပ်ခဲ့ပါသည်။ သူ့ဘုန်းကြီးကျောင်းများသည် ပျင်းရိငြီးငွေ့ရမည့် နေရာများမဟုတ်ခဲ့ကြပါ။ သူ့အုပ်ချုပ်မှုအောက်တွင် ရှိကြသော ဘုန်းကြီးများသည် နေထွက်မှနေဝင်ချိန်အထိ ကြိုးစားစွာအလုပ်လုပ်ကြဖို့

တောင်းဆိုခံကြရပါသည်။ တချိန်တည်းတွင် သူတို့ပြုခဲ့ကြသော ဘုန်းတော်ကြီးကျောင်းဝင်ကျိန်ဆိုကတိပြုခြင်းကို အကောင်အထည်ဖော်ကြရပြန်ပါသည်။ လှုပ်ရှားလုပ်ကိုင်နေခြင်းသည် ဘုန်းတော်ကြီးကျောင်းနေထိုင်မှုများကို ပြန်လည်ပြုပြင်လျှက်၊ အလေးစားမခံရတော့သည့်အခြေအနေများကို ပြန်ပြောင်းပေးနိုင်မည့် တန်ဆာပလာဖြစ်သည်ကို သူ ကောင်းစွာသဘောပေါက်ပါသည်။

သူ၏လွှမ်းမိုးခြင်း

ဘာနတ်သည် မိမိဘုန်းကြီးကျောင်းမှနေ၍၊ အသင်းတော်အားလုံးအပေါ် အတော်လေးလွှမ်းမိုးနိုင်ခဲ့ပါသည်။ ဥရောပတိုက်ကို အုပ်စိုးသူ နယ်စားပယ်စားများက သူ့ထံမှ အကြံဉာဏ်များ ရယူခဲ့ကြသည်။ ဘုန်းတော်ကြီးများကလည်း၊ အလွန်မြင့်မားသူများမှနေ၍ အောက်ခြေအဆင့်များထိ၊ သူ့ထံ အကြံဉာဏ်ရယူကြသည်။ သူသည် ပုန်ရဟန်းမင်းများကိုလည်း ကြောက်ရွံ့သူမဟုတ်ပါ။ ပုတ်ရဟန်းမင်းတဦးဆိုလျှင် သူ၏ အသောက်အစားအပျော်အပါးများကြောင့် ဘာနတ်၏ ပြင်းထန်စွာဝေဖန်ခြင်းကို ခံခဲ့ရပါသည်။

သမိုင်းဆရာတဦးက ဤသို့ရေးသားခဲ့ပါသည်၊ “သူသည် မြင့်မားသောရာထူးရဖို့ ဘယ်တုန်းကမှ လိုချင်သူမဟုတ်ပါ၊ သူ၏ဘုန်းကြီးကျောင်းမှနေ၍ ဘုရင်များနှင့်ပုန်ရဟန်းမင်းများကို အကြံမျိုးစုံပေးခဲ့ပါသည်၊ တကယ်တမ်းပြောရလျှင် သူသည်သာ သရဖူမဆောင်းသော ဥရောပ၏ တကယ့်ဘုရင်ကြီးဖြစ်ခဲ့ပါသည်။ မိမိဘုန်းကြီးကျောင်းမှနေ၍ ဘယ်မှသွားလေ့မရှိသော ဘုန်းကြီးတဦးက ထိုမျှ လွှမ်းမိုးနိုင်ခြင်းသည်၊ ဝိညာဉ်ရေးရာခေါင်းဆောင်များ၏ လေးစားလောက်ဖွယ်သောအဖြစ်ကို သက်သေပြနေခြင်းသာ ဖြစ်ပါသည်။ နိုင်ငံရေးရာထူးရာခံမရှိဘဲ၊ နိုင်ငံရေးဩဇာအာဏာဘာတခုမှမရှိဘဲ လူတဦးက သူ၏ သွန်သင်ခြင်းနှင့် စံနမူနာယူထိုက်အောင်အသက်ရှင်ပြခြင်းတို့ဖြင့်သာ သမိုင်းကို ပြောင်းလဲစေနိုင်ခဲ့သည်မှာ (၁၆)ရာစုရောက်သည်အထိ တုပြိုင်နိုင်သူ မရှိအောင်ဖြစ်ခဲ့ပါသည်။ (၁၆)ရာစုမှသာ ထိုသို့သောသူ မာတင်လူသာ ပြန်ပေါ်လာပါသည်။ မာတင်လူသာသည်လည်း သူ၏တရားဟောစင်မြင့်နှင့် မထင်ရှားသော ဆက်စွန်နယ်မြို့ကလေး၏ကျမ်းစာကျောင်း ပရောဖက်ဆာဘဝနှင့် ဥရောပတတိုက်လုံးကို ပြောင်းလဲစေခဲ့ပြန်ပါသည်။”

ဘာနတ်သည် အင်မတန်ဩဇာကြီးသော သီဩလော်ဂျီယန်လည်း ဖြစ်ပါသည်။ သူသည် မှားယွင်းသောသွန်သင်မှုကို ဘယ်နေရာတွင်တွေ့တွေ့ ဆန့်ကျင်သူသာ ဖြစ်သည်မဟုတ်၊ ရိုမန်ကက်သလစ်ဂိုဏ်းထဲ အတော်ကြာကထဲကပင် ဝင်ရောက်နေခဲ့ပြီဖြစ်သည့် မှားယွင်းသောဩဝါဒမျိုးစုံကိုလည်း ဆန့်ကျင်သူဖြစ်ပါသည်။ သူသည် မာရိက အပြစ်မဲ့စွာဖြင့် ယေရှုအား ကိုယ်ဝန်ဆောင်ခဲ့သည်ဆိုသော ဩဝါဒကို အလွန်မုန်းပါသည်။ ယုံကြည်ခြင်းအပြင် ဖြောင့်မတ်ဖို့ရန် အလုပ်/အကျင့် လိုအပ်သည်ဆိုသောဝါဒကိုလည်း ဆန့်ကျင်ခဲ့ပါသည်။ ငရဲကလေး(ပါဂဲက်တိုရီ)ရှိသည်ဆိုသောဝါဒကိုလည်း ဆန့်ကျင်ခဲ့သည်။ သူတပါးအတွက် အကျင့်သီလကောင်းများလုပ်သည်ဆိုသောဝါဒ(supererogation)၊ ထရန်စပ်စတန်တီးယေးရှင်းဆိုသည့် ပွဲတော်မင်္ဂလာမှ မုန့်နှင့်စပျစ်ဝိုင်သည် တကယ့်ယေရှု၏ အသားအသွေးသို့ပြောင်းသွားသည်ဟုသင်ပေးသောဝါဒကိုလည်း ဆန့်ကျင်ခဲ့ပါသည်။

တရားသောဆရာ

ဘာနတ်သည် အခြားအရာအားလုံးထက် တရားဟောဆရာဖြစ်သူ ဖြစ်ပါသည်။ ရှောလမုန်သီချင်းများနှင့်ပတ်သက်၍ သူဟောကြားခဲ့သည့် တရားဟောချက် (၈၆)ခု ယနေ့တိုင်အောင် တည်ရှိနေပါသေးသည်။ ထို သူ၏တရားဟောခြင်းများက အသင်းတော်ကို ထိုမျှလောက် အကျိုးသက်ရောက်စေခဲ့ခြင်းဖြစ်ပါသည်။ သူသည် ဘုရားတရားအလွန်ကြောက်ရွံ့ရိုသေသူဖြစ်သဖြင့် မာတင်လုသာက ဤသို့ပြောခဲ့ပါသည်၊ “ကက်သလစ်ဘုန်းတော်ကြီးများဲတွင် ဘုရားသခင်အား ကြောက်ရွံ့ရိုသေသူ ရှိခဲ့ပါလျှင်၊ သူသည် ဘာနတ် သာဖြစ်ပါမည်၊ သူတဦးတည်းကိုသာ ကျွန်ုပ်သည် ဘုန်းတော်ကြီးအများ၊ ရဟန်းအများထဲမှနေ၍ အသိအမှတ်ပြုပါသည်။” ဘာနတ်၏တရားဟောခြင်းများနှင့်ပတ်သက်၍လည်း မာတင်လူသာက “ဘာနတ်သည် ဒေါက်တာဘွဲ့ရပညာရှင်များထဲတွင် အမြင့်ဆုံးတရားဟောဆရာဖြစ်ပါသည်၊ စိန့်ဩဂတ်စတင်ထက်ပင် ပို၍ကြီးမြတ်ပါမည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် ခရစ်တော်ကို အပြောင်မြောက်ဆုံး ဟောကြားသူဖြစ်သည်”ဟု ပြောခဲ့ပါသည်။ ထိုသို့ပြောခြင်းသည် အကြီးမြင့်ဆုံးချီးမွမ်းမှုဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အသင်းတော်၏ အကြီးမြတ်ဆုံးသောတရားဟောဆရာများထဲမှ တဦး၏ပြောဆိုမှုဖြစ်၍ဖြစ်ပါသည်။ ထို့အပြင် ကက်သလစ်ဘုန်းကြီးများကို အထင်အသေးဆုံး ပုဂ္ဂိုလ်ထံမှလာသောစကားများလည်း ဖြစ်ပါသည်။ လူသာကပင်နောက်တနေရာ၌ “ဘာနတ်သည် သခင်ယေရှုကို အားလုံးကချစ်သည်ထက် ချစ်သောသူဖြစ်သည်”ဟုပြောခဲ့ပြန်ပါသေးသည်။

ထို့ကြောင့် ရှောလမုန်၏သီချင်းများကို သူသဘောအကျဆုံးဖြစ်ရခြင်းမှာ အံ့ဩစရာမဟုတ်တော့ပါ။ သူသည် ဘုရားသခင့်ဖန်ဆင်းခြင်းကို အလွန်ချစ်သူဖြစ်သည်။ “သင်သည် စာအုပ်များထဲတွင် ရှာမတွေ့နိုင်သော တစုံတရာကို သစ်တောထဲတွင်တွေ့နိုင်ပါသည်။ သစ်ပင်များ၊ ကျောက်တုံးများက သင့်ကို လူသားဆရာများထံမှ မကြားနိုင်သောအကြောင်းအရာများအား သင်ပေးနိုင်ကြပါသည်။ သင် ကျောက်တုံးများမှ ပျားရည်ကို မသောက်နိုင်ဟုထင်ပါသလော၊ အမာဆုံးကျောက်တုံးများထဲမှ ဆီကို ရနိုင်သည်ဟုသိပါသလော”ဟု ရေးသားခဲ့ပါသည်။ ဘုရားသခင့်ကမ္ဘာကြီးကို ခံစားနိုင်သူသည် လူဆိုးမဖြစ်နိုင်ပါ။ နောက်တကြိမ်တွင် ဘာနတ်သည် သူ၏တွေးတောဆင်ခြင်ခြင်းထဲတွင် အတော်ကလေးနစ်မြုပ်နေပါသဖြင့်၊ တနေ့လုံး ဂျီနီဗာရေအိုင်ကြီးအနီးမှ ခရီးသွားနေသော်လည်း၊ လှပသောမြင်ကွင်းများဘေးမှ ဖြတ်သွားနေသော်လည်း ဘာတခုမှသတိမပြုလိုက်ပါ၊ ထို့ကြောင့် ထိုနေ့ နေဝင်ခါနီးမှ သူနှင့်အတူ ခရီးသွားသော ဘုန်းတော်ကြီးကို သင် ဒီနေ့ ဘာတွေများတွေ့ခဲ့သလဲဟု မေးတတ်ပါသည်။

ဘာနတ်ဘဝ၏ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ရပ်သည်၊ ပုတ်ရဟန်းမင်းက သူ့ကို ဒုတိယအကြိမ် ခရူးစိတ်စစ်ပွဲဆင်နွှဲဖို့ တရားဟောခိုင်းခြင်း ဖြစ်ပါမည်။ ခရူးစိတ်စစ်ပွဲဆိုသည်မှာ အူကြောင်ကြောင်နိုင်လှသော “သန့်ရှင်းသောစစ်”ကိုခေါ်ပါသည်၊

ကြောင့် ဖြစ်ပါသည်။ အချိန်နှင့်ထာဝရကာလကြားတွင် အရည်အသွေးနှင့်ဆိုင်သော(qualitative) ခြားနားမှုကြီး ရှိနေပါသည်။ အချိန်တွင် အစရှိသည်၊ ထို့အတူ ၎င်း၏အထဲတွင် အဆုံးသည် အမြဲရှိနေလေ့ရှိပါသည်ဆိုသည့်အချက်၌၊ ထို ခြားနားမှုကို တစိတ်တပိုင်းအားဖြင့်တွေ့နိုင်သည်။ ထို့နောက် အချိန်ကို တိုင်း၍ရသည်၊ ကာလအပိုင်းအခြား(period)၊ ခုနှစ်များ(ages)၊ ရာစုနှစ်များ(centuries)၊ နှစ်များ(years)၊ လများ(months)၊ နေ့ရက်များ စသဖြင့်တိုင်းတာ၍ရပါသည်၊ ထိုတိုင်းတာ၍ရသောအပိုင်းများတိုင်းတွင် အစပျိုးနှင့်အဆုံးသတ်တို့ ပါဝင်နေကြသည်၊ သို့သော် ထာဝရကာလမှ ထိုသို့မဟုတ်ပါ၊ "ထာဝရမှထာဝရသို့"ဖြစ်ပါသည် (ဆာလံ ၉၀း၂)။ ထို့ကြောင့် အချိန်သည် ဖန်ဆင်းခံသတ္တဝါတမျိုး(a creature)ဖြစ်ပါသည်၊ ဖန်ဆင်းခံသတ္တဝါတိုင်းအတွက် ဖြစ်တည်ဖို့ပုံစံ(the form of existence) ဖြစ်ပါသည်။ ဘုရားသခင်မှာမူ မိမိကိုယ်ကို-ဖြစ်တည်နေသူ(self-exixtent one)ဖြစ်သည်။

ပြောင်းလဲခြင်း၊ စီးဆင်းခြင်း၊ အဆက်မပြတ်ဖြစ်လာနေကြသောတဒင်္ဂများ(succession of moments)၊ အမြဲတမ်းဖြစ်လာနေမှုများ(constant becoming) - စသည်တို့သည် အချိန်၏မရှိမဖြစ်အရည်အသွေးများဖြစ်ကြပါသည်။ ဖန်ဆင်းခံသည် အမြဲတမ်း အနာဂတ်မှအတိတ်သို့ လျှင်မြန်စွာပြောင်းနေသော တဒင်္ဂခဏလေးများထဲတွင်သာ အသက်ရှင်ပါသည်၊ ထိုတဒင်္ဂခဏလေးတွင်သာ သူသည် အသက်ရှင်ပါသည်၊ တစိတ်တပိုင်းသာဖြစ်သည်။ အတိတ်ကဖြစ်ခဲ့သောသူသည် ယခုတွင် မရှိတော့ပါ၊ မျက်မှောက်တဒင်္ဂခဏကလေးတွင် ရှိနေသည့် သူသည်၊ တဒင်္ဂလေးအတွင်းမှာပင် နောက်တဒင်္ဂခဏလေးသို့ ပြောင်းပြောင်း သွားနေပါသည်။ သူသည် အသက်ရှင်သည်၊ စကားပြောသည်၊ လှုပ်ရှားသည် သို့သော် တဒင်္ဂကလေးများထဲ၌သာဖြစ်သည်။ လူသည် ဘယ်တော့မှ "ငါဖြစ်သည်"(I am)ဟု မပြောနိုင်ပါ၊ ပြောလိုချိန်တွင် တဒင်္ဂအမြောက်အများ ပြောင်းသွားခဲ့ပါပြီ။ သို့သော် အချိန်သည် ဘုရားသခင်၏ ဖြစ်တည်မှုနှင့်အသက်ရှင်မှုအတွက် ပုံစံ(form) မဟုတ်ပါ။ ဘုရားသခင်အတွက် အချိန်သည် မရှိပါ။ သူသည် အနန္တ/ထာဝရဖြစ်ပါသည်၊ အမြဲတမ်း ပြည့်စုံနေခြင်း ဖြစ်သည်၊ အမြဲတမ်း သူဖြစ်သည့်အတိုင်း ဖြစ်နေသူဖြစ်သည်၊ အမြဲတမ်း သူ၏အနန္တ/ထာဝရဖြစ်မှုထဲ၌ ပြည်စုံသောမိမိကိုယ်ကိုသိသောစိတ်(perfect consciousness)ဖြင့် အသက်ရှင်နေသူဖြစ်ပါသည်။ သူတပါးတည်းသာ ထာဝရ "ငါ"ဖြစ်သူ ဖြစ်ပါသည်။

### ဘုရားသခင်၏ နေရာတိုင်း၌ရှိနေတော်မူခြင်းအကြောင်း (God's Omnipresence)

အချိန်နှင့်ပတ်သက်သော အတွေးရှုထောင့်နှင့်အတူ နီးကပ်စွာဆက်နွယ်နေသော အတွေးရှုထောင့် နောက်တခုမှ နေရာ(place) ဖြစ်ပါသည်။ ဘုရားသခင်သည် ထာဝရ ဖြစ်သလို၊ သူသည် အချိန်အားလုံးအပေါ်၌မြင့်မားနေသူလည်း ဖြစ်ပါသည်၊ ထို့အတူ သူသည် နေရာတိုင်း၌လည်း ရှိတော်မူပါသည်၊ အချိန်စကြဝဠာအတွင်း၌ရှိနေသူ(immence)၊ တိုင်းတာ၍မရသူ၊ လုံးဝကိုခြားနားနေသောပုံစံနှင့်ရှိနေသူ၊ နေရာအားလုံးအထက်၌မြင့်မားစွာရှိနေသူ ဖြစ်တော်မူပါသည်။ ဆော်လမွန်မင်းကြီးက ဤသို့ ဆုတောင်းခဲ့ပါသည်၊ "□□□□□□□□□□□□□□ □□□□□□□□□□□□□□□ □□□□□□□□□□ □□□□□□□□□□□□□□□□□□□□□□□□□□□
□□□□□□□□□□□□□□□□□□□□□□□□□□□□□□□□□□□□□□ □□□

" (၃ရာ ၈း၂၇)။ ဘုရားသခင်သည် "မည်သူကမျှ မချည်းကပ်နိုင်သော အလင်းထဲ၌နေထိုင်သူ"ဖြစ်ပါသည် (၁တိ ၆း၁၆)။ သူသည်"ကောင်း ကင်နှင့်မြေကြီး၏ အရှင်သခင်ဖြစ်သည်၊" သူသည် "လူလက်တို့ဖြင့် တည်ဆောက်သော ဗိမာန်တော်ထဲတွင် နေသူမဟုတ်ပါ၊" သို့ သော် သူသည် "ငါတို့အားလုံးနှင့်လည်း ဝေးနေသူမဟုတ်ပါ၊- အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သူ၏အထဲတွင် နေထိုင်ကြ သည်၊ လှုပ်ရှားကြသည်၊ ငါတို့၏ ဖြစ်တည်မှုများကို ရကြပါသည်" (တမန် ၁၇း၂၄၊ ၂၇၊ ၂၈)။

ဘုရားသခင်၏ထာဝရ/အနန္တဖြစ်ခြင်းကို ကျွန်တော်တို့သည်၊ အစမရှိအဆုံးမရှိသည့် သာမန်အချိန်တခု၊ ဆိုသည့်ရှုထောင့်မှ မကြည့်ကြရသလို၊ ဘုရားသခင်၏ နေရာတိုင်း၌ရှိနေခြင်းအကြောင်းကိုလည်း အကန့်သတ်မဲ့နေရာ/အာကာသ(limitless space)ဆိုသည့်ရှုထောင့်မှ မကြည့်ကြရပါ။ အချိန်နှင့်ထာဝရကာလကြားတွင် အရည်အသွေးနှင့်ဆိုင်သော(qualitative) ခြားနားမှုကြီး ရှိနေသလို၊ နေရာ/အာကာသ ဆိုသောအရာနှင့် ကျွန်တော်တို့ရှင်းပြဖို့ကြိုးစားနေသည့် ဘုရားသခင်၏နေရာတိုင်းတွင်ရှိနေတော်မူခြင်းကြားတွင်လည်း အခြေခံမှုနေ၍(essential)မတူသောအရာသည် ရှိနေပါသည်။ အချိန်သည် ဖန်ဆင်းခံသတ္တဝါတမျိုးဖြစ်သလို၊ နေရာ/အာကာသ သည်လည်း ဖန်ဆင်းခံမျှသာ ဖြစ်ပါသည်။ ဖန်ဆင်းခံများဟု ခေါ်ခြင်းထံရသည်များအားလုံး၏ ဖြစ်တည်နေမှု/တည်ရှိနေမှုအတွက် လိုအပ်သော ပုံစံတမျိုးဖြစ်ပါသည်။ ၎င်းနှင့်ဆန့်ကျင်လျှက် ဘုရားသခင်၏ စကြဝဠာအချိန်ကာလအတွင်း ရှိနေတော်မူခြင်းသည် ဖန်ဆင်းခြင်းကြောင့် ဖြစ်လာခြင်းမဟုတ်ပါ၊- နေရာ/အာကာသ သည် သူ့အတွက် ဖြစ်တည်ဖို့ပုံစံ မဟုတ်ပါ။

ဘုရားသခင်၏ နေရာတိုင်း၌ ရှိတော်မူခြင်းဆိုသည်မှာ၊ စကြဝဠာကြီး၏ ရှိသမျှနေရာအားလုံးကို သူက ပြည့်နေသည်ဟု ပြောနေခြင်း မဟုတ်ပါ။ ထို့အပြင် ဘုရားသခင်သည် သူ့ကိုယ်သူ အနန္တ/အကန့်အသတ်မဲ့နှင့် အားလုံးသောနေရာ/အာကာသ၏ ဟိုမှာဖက်သို့ ဆန့်ထုတ်နေသည်ဟုလည်း ပြောနေခြင်းမဟုတ်ပါ။ ဆိုလိုသည်မှာ ဘုရားသခင်သည် အခြေခံအားဖြင့် နေရာအားလုံး၏အထက်တွင် ရှိနေတော်မူပါသည်၊ ထို့ကြောင့် နေရာ/အာကာသ၏ အခြေခံသဘောသဘာဝများ(essential characteristics)နှင့် နေရာ/အာကာသ၏ ဥပဒေသများ(laws of space)သည် ဘုရားသခင်အတွက် လုံးလုံး အကြုံးမဝင်ပါ။ နေရာ/အာကာသ၏ အခြေခံသဘောသဘာဝသည် အကွာအဝေး ဖြစ်ပါသည်။ အမှတ်အသား နှစ်ခုကြား၊ လိုင်းနှစ်ခုကြား၊ ခန္ဓာတခုနှင့်နောက်တခုအကြား ဖြစ်ပါသည်။ ချဲ့ထုတ်ဆန့်ထုတ်ခြင်း၊ အတိုင်းအတာ၊ တစုံတခုသောအရာက ယူထားသောနေရာ စသည်တို့ဖြစ်ပါသည်။ ထို့ကြောင့် နေရာဆိုသည်မှာ ပုံစံနှင့်တိုင်းတာခြင်း ဖြစ်ပါသည်။ ထိုသဘောသဘာဝများသည် ဘုရားသခင်အတွက် အကြုံးမဝင်ပါ။ သူသည် နေရာ/အာကာသထဲတွင် ဘောင်ကန့်သတ်ခြင်းမျိုး မရှိပါ။ တစုံတဦးက ဘုရားသခင်နှင့်ကမ္ဘာကြီး၏ကြားမှ အကွာအဝေးကို တိုင်း

၍မရပါ (သို့) ကမ္ဘာကြီးထဲမှနေရာတခုနှင့် ဘုရားသခင်ကြား မည်မျှဝေးသည်ကို တိုင်း၍မရပါ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က မည်သည့်နေရာကိုမှ ယူမထား၍ဖြစ်ပါသည်။

ဘုရားသခင့်ထံတွင် ပုံစံလည်းမရှိသလို၊ အတိုင်းအတာလည်း မရှိပါ။ သူသည် တိုင်းတာ၍မရသောသူ(immeasurable one)ဖြစ်ပါသည်။ နေရာ/အာကာသ အားလုံးတို့ထက် ထူးကဲသာလွန်မြင့်မားသူ(transcendent)ဖြစ်ပါသည်။ လုံးဝ ခြားနားသူ ဖြစ်ပါသည်။ သို့သော် သူ၏တန်ခိုးတော်အားဖြင့်သာမဟုတ်ဘဲ၊ အခြေခံသဘောတရားအားဖြင့်လည်း သူသည် ဖန်ဆင်းခြင်းတခုလုံးတွင် ရှိနေပါသည်။ ဖန်ဆင်းခံတခုစီ၏အထဲတွင် ရှိနေပါသည်။ ဖန်ဆင်းခြင်း၏ခဏ(point)တိုင်းတွင် ရှိနေပါသည်။ နေရာ/အာကာသ ထဲတွင် သူ၏ အားလုံးသော အနန္တအကန့်သတ်မဲ့ခြင်း ဖြစ်တည်မှုဖြင့် ရှိနေတော်မူပါသည်။ သူသည် စကြာဝဠာနှင့်အချိန်ထဲတွင် ရှိနေသူ ဖြစ်သလို၊ အားလုံးထက် သာလွန်ထူးကဲမြင့်မားသူလည်း ဖြစ်တော်မူပါသည်။ သူသည် သာလွန်ထူးကဲမြင့်မားသူအနေနှင့် စကြာဝဠာနှင့်အချိန်ထဲတွင် ရှိနေတော်မူပါသည်၊- စကြာဝဠာနှင့်အချိန်ထဲတွင်ရှိတော်မူသောသူအနေနှင့် သူသည် အားလုံးထက် သာလွန်ထူးကဲစွာ မြင့်မားတော်မူပြန်ပါသည်။ ထိုသို့ဖြင့်သာ ကျွန်တော်တို့သည် ဘုရားသခင်၏ စကြာဝဠာအချိန်ထဲတွင် ရှိနေတော်မူခြင်းကို ငြင်းပယ်ကြသည့် ဒေးဇင်ဝါဒ(deism = ဘုရားသခင်က ဖန်ဆင်းပြီးသောအခါ စကြာဝဠာကြီးကို မိမိ၏ဥပဒေသများအတိုင်း ဆက်သွားနေဖို့ထားခဲ့သည်ဟု သင်သော ဝါဒ)ကို ဆန့်ကျင်ရပ်တည်နိုင်ကြပါမည်။ ထို့အတူ ပဲန်သေးဇင်ဝါဒ၏ ဘုရားသခင်၏ စကြာဝဠာနှင့်အချိန်ထဲရှိတော်မူခြင်း၊ အားလုံးထက်သာလွန်ထူးကဲခြင်း စသည်တို့ကို ငြင်းပယ်လျှက် ဘုရားသခင်နှင့်စကြာဝဠာကြီးကို တထပ်တည်းဖြစ်စေသည့်ဝါဒကို ဆန့်ကျင်ရပ်တည်နိုင်ကြပါမည်။ ကောင်းကင်တို့၏ကောင်းကင်တို့က ဘုရားသခင်ကို ဆောင်မခတ်နိုင်ပါ(မဆန့်ပါ)။ သို့သော် ကျွန်တော်တို့သည် သူ့အထဲတွင် အသက်ရှင်လျှက်၊ လှုပ်ရှားလျှက် ကျွန်တော်တို့၏ဖြစ်တည်မှုများကို ရရှိလျှက်ရှိကြပါသည်။ သူသည် စကြာဝဠာနှင့်အချိန်ထဲတွင်ရှိသူ၊ အားလုံးထက်ထူးကဲသာလွန်စွာမြင့်မားသူ ဖြစ်တော်မူပါသည်။ တိုင်းတာ၍မရသောဘုရားသခင်၊ သူ့ထံသို့ ကျွန်တော်တို့က မည်သည့်ပုံစံမှ မပေးရသလို၊ ကန့်သတ်ခြင်းကိုလည်း ဘယ်တော့မှ ထည့်မတွက်ကြရပါ။

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

×××××××

*ကျမ်းစာဘာသာပြန်ကဏ္ဍ*

**ဆာလံ ၈း၁–၉ (ဂျိန်းဘုရင်မူ)**
**ဂတ်သစ် တူရိယာတွင် အတော်ဆုံးသောဂီတပညာရှင် ဒေးဗစ်၏ ဆာလံ**

၁ - အကျွန်ုပ်တို့သခင် အိုး ဘုရားသခင်၊ ကိုယ်တော့်နာမည်သည် တကမ္ဘာလုံးတွင် မည်မျှ လှပနေပါသနည်း! ကိုယ်တော်သည် မိမိဂုဏ်ကျက်သရေကို ကောင်းကင်တို့၏အထက်တွင် ထားတော်မူသူဖြစ်သည်။
၂ - ကိုယ်တော်၏ရန်သူတို့ကြောင့် ကိုယ်တော်သည် ကလေးငယ်ကလေးများနှင့် နို့စို့အရွယ်လေးများ၏ ပါးစပ်မှနေ၍ ခွန်အားကို ခန့်အပ်တော်မူပါသည်၊ ထိုသို့ဖြင့် ကိုယ်တော်သည် ရန်သူနှင့် လက်စားခြေသူကို တိတ်သွားစေပါမည်။
၃ - ကောင်းကင်တို့ကို အကျွန်ုပ် ဆင်ခြင်တွေးတောသောအခါ၊ ကိုယ်တော့်လက်ချောင်းတို့၏အလုပ်များ၊ ကိုယ်တော်ခန့်အပ်ထားသော လနှင့်ကြယ်များတို့ အကြောင်းများကို ဆင်ခြင်တွေးတောသောအခါ၊-
၄ - လူသည် အဘယ်သူ ဖြစ်ပါသနည်း? အဘယ့်ကြောင့် ကိုယ်တော်သည် သူ့ကို သတိရပါသနည်း? ကိုယ်တော် လာကြည့်ရလောက်အောင် လူ၏သားသည် အဘယ်သူ ဖြစ်ပါသနည်း?
၅ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် သူ့ကို ကောင်းကင်တမန်တို့ထက် အနည်းငယ်နိမ့်လျှက် ဖန်ဆင်းတော်မူသည်၊ သူ့ကို ဘုန်းကျက်သရေ၊ ဂုဏ်ရှိခြင်းတို့နှင့် သရဖူဆောင်းစေတော်မူပါသည်။
၆ - ကိုယ်တော်သည် သူ့ကို ကိုယ်တော့်လက်တော်နှင့် ပြုလုပ်သောအရာတို့ကို အုပ်စိုးဖို့ ပြုလုပ်ခဲ့ပါသည်၊ ကိုယ်တော်သည် အရာအားလုံးကို သူ၏ခြေအောက်၌ ထားရှိတော်မူပါသည်၊-
၇ - အားလုံးသော သိုးများ၊ နွားများ၊ မှန်ပါသည်၊ ကွင်းပြင်ပေါ်မှ သားရဲတိရိစ္ဆာန်များအားလုံးကို ဖြစ်ပါသည်၊-
၈ - လေထဲမှ ငှက်များ၊ ပင်လယ်ထဲမှ ငါးများ၊ ပင်လယ်တို့၏လမ်းကြောင်းများမှ ဖြတ်သန်းသွားကြသည့် မည်သည့်အရာမဆိုကို ဖြစ်ပါသည်။
၉ - အိုး ဘုရားသခင် အကျွန်ုပ်တို့၏ သခင်၊ ကိုယ်တော်၏အမည်သည် ကမ္ဘာတခွင်တွင် မည်မျှကြီးမြတ်လှပါသနည်း?

**ဆာလံ ၉း၁–၂၀ (ဂျိန်းဘုရင်မူ)**
**မုသလာဗန် တူရိယာတွင် အတော်ဆုံးဂီတပညာရှင် ဒေးဗစ်၏ဆာလံ**
၁ - အိုး ဘုရားသခင်၊ ကိုယ်တော့်ကို အကျွန်ုပ် နှလုံးသားတခုလုံးနှင့် ချီးမွမ်းပါမည်၊- ကိုယ်တော့် အံ့သြဖွယ်ရာ အလုပ်အားလုံးတို့ကို ဖေါ်ထုတ်ပြသပါမည်။
၂ - အကျွန်ုပ်သည် ကိုယ်တော့်ထံတွင် ဝမ်းသာ၊ ဝမ်းမြောက်နေပါမည်၊- ကိုယ်တော့်နာမည်ကို အကျွန်ုပ် ချီးမွမ်းပါမည်၊ အိုး ကိုယ်တော် အမြင့်ဆုံးသောဘုရား။
၃ - အကျွန်ုပ်၏ရန်သူတို့ ပြန်လှည့်လာကြသောအခါ၊ သူတို့သည် ကိုယ်တော့်ရှေ့တော်မှောက်တွင် လဲကျ၊ ဆုံးရှုံးကြပါလိမ့်မည်။

၄ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် အကျွန်ုပ်၏အခွင့်အရေးနှင့် အကျွန်ုပ်၏အမှုအရေးကို ထိန်းသိမ်းစောင့်ရှောက်တော်မူ၍ ဖြစ်သည်၊- ပလ္လင်ပေါ်တွင် ထိုင်တော်မူကာ၊ မှန်ကန်စွာ တရားစီရင်ပါသည်။
၅ - ကိုယ်တော်သည် မယုံကြည်သူတို့ကို ဆုံးမတော်မူပါသည်၊ ကိုယ်တော်သည် လူဆိုးတို့ကို ခြေမှုန်းဖျက်ဆီးတော်မူပါသည်၊ ကိုယ်တော်သည် သူတို့နာမည်များကို ထာဝရကာလမှ ထာဝရကာလတိုင်အောင် ချေဖျောက်တော်မူမည်ဖြစ်သည်။
၆ - အို အသင် ရန်သူ၊ ပျက်ဆီးခြင်းတို့သည် ထာဝရအဆုံးသတ်သို့ လာနေကြပြီဖြစ်သည်၊- ထို့နောက် ကိုယ်တော်သည် မြို့တော်များကို ဖျက်ဆီးသည်၊- သူတို့၏ သတိရအောက်မေ့စရာသည် သူတို့နှင့်အတူ ပျက်ဆီးရပြီဖြစ်သည်။
၇ - သို့သော် ဘုရားသခင်သည် ထာဝရတည်ရှိတော်မူလိမ့်မည်၊- သူသည် မိမိ၏ပလ္လင်တော်ကို တရားစီရင်ဖို့ ပြင်ဆင်ပြီဖြစ်သည်။
၈ - ထို့နောက် သူသည် ကမ္ဘာကြီးကို ဖြောင့်မတ်ခြင်းနှင့်တရားစီရင်လိမ့်မည်၊ သူသည် လူထုကို ဖြောင့်မှန်ခြင်း၌ တရားစီရင်ခြင်းဖြင့် ပြုစုတော်မူလိမ့်မည်။
၉ - ဘုရားသခင်သည် ဖိနှိပ်ခံရသူတို့၏ ခိုလှုံရာလည်း ဖြစ်တော်မူပါသည်၊ ဒုက္ခအခက်အခဲများ ရောက်ချိန်တွင် ခိုလှုံရာဖြစ်သည်။
၁၀ - ကိုယ်တော့်နာမည်ကို သိသောသူတို့သည် မိမိတို့၏ယုံကြည်ကိုးစားခြင်းများကို ကိုယ်တော့်ထံ၌ ထားကြပါလိမ့်မည်၊- အဘယ့်ကြောင့်ဆိုသော်၊ ဘုရားသခင်၊ ကိုယ်တော်သည် ကိုယ်တော့်အားရှာဖွေသူတို့ကို စွန့်ပစ်တော်မမူသောကြောင့် ဖြစ်ပါသည်။
၁၁ - ဘုရားသခင့်ထံ ချီးမွမ်းခြင်းများကို သီဆိုကြပါလော့၊ အသင် ဇိုင်အွန်၌ နေထိုင်ကြသူတို့၊- သူ၏လုပ်ကိုင်ခြင်းများကို လူအများကြားတွင် ကြေညာကြပါလော့။
၁၂ - အသွေးအတွက် ဘုရားသခင်သည် စစ်ဆေးမှုကို ပြုတော်မူသောအခါ၊ သူသည် သူတို့ကို သတိရတော်မူပါသည်၊- သူသည် နှိမ့်ချသူ၏ ငိုကြွေးသံကို မေ့တော်မမူပါ။
၁၃ - အိုး ဘုရားသခင် အကျွန်ုပ်ကို ဂရုဏာရှိတော်မူပါ၊- အကျွန်ုပ်အား မုန်းတီးသူတို့ကြောင့် ခံစားရသော အကျွန်ုပ်၏ ဒုက္ခပြဿနာများကို ဆင်ခြင်တော်မူပါ၊ ကိုယ်တော်သည် သေခြင်းဂိတ်တံခါးတို့မှနေ၍ အကျွန်ုပ်ကို ချီးမြှောက်သူ ဖြစ်ပါသည်၊-
၁၄ - ထိုသို့ဖြင့် အကျွန်ုပ်သည် ကိုယ်တော်အား ချီးမွမ်းရခြင်းအားလုံးကို ဇိုင်အွန်၏သမီးတို့၏ ဂိတ်တံခါးများတွင် ထုတ်ဖော်ပြသနိုင်ပါမည်။
၁၅ - ဘုရားသခင်အား မယုံကြည်သူတို့သည် သူတို့ပြုလုပ်သောတွင်းထဲသို့ နစ်မြုပ်ကြပါသည်၊- သူတို့ဖွက်ထားသော ကျော့ကွင်းများတွင် သူတို့ခြေများ ပြန်ကျော့မိကြပါသည်။
၁၆ - ဘုရားသခင်ကို သူပြုလုပ်တော်မူသော တရားစီရင်ခြင်းဖြင့် သိနိုင်ကြပါသည်၊- ဆိုးညစ်သူသည် သူ့လက်တို့ဖြင့် လုပ်သော ကျော့ကွင်းတွင် ပြန်မိပါသည်။ ဟစ်ဂိုင်းအွန်။ ဆယ်းလား။ (ဟစ်ဂိုင်းအွန် ဆိုသည်မှာ ဆင်ခြင်တွေးတောခြင်း ဖြစ်သည်)
၁၇ - ဆိုးညစ်သူသည် ငရဲထဲသို့ ပြန်လှည့်ရလိမ့်မည်၊ ထို့အတူ ဘုရားသခင့်ကို မေ့လျော့ကြသောနိုင်ငံတိုင်းလည်း ဖြစ်ပါသည်။
၁၈ - အဘယ့်ကြောင့်ဆိုသော် လိုအပ်သောသူသည် အမြဲတမ်း မေ့လျော့ခံရလိမ့်မည် မဟုတ်ပါ၊- ဆင်းရဲသား၏ မျှော်လင့်ခြင်းသည် ထာဝရ ပျောက်ပျက်သွားမည် မဟုတ်ပါ။
၁၉ - ထတော်မူပါ၊ အိုး ဘုရားသခင်၊- လူကို အနိုင်မယူစေပါနှင့်၊- ဘုရားသခင်ကိုမကိုးကွယ်သူများသည် ကိုယ်တော့်ရှေ့တော်တွင် တရားစီရင်ခြင်း ခံကြပါစေသော။
၂၀ - သူတို့ကို ကြောက်လန့်နေခြင်း၌ ထားတော်မူပါ၊ အိုး သခင်၊- ထိုသို့ဖြင့် တိုင်းနိုင်ငံများသည် သူတို့ကိုယ်သူတို့ လူသားများသာဖြစ်ကြောင်း သိလာကြပါမည်။ ဆယ်းလား။

××××××××××××××××××××××

၂တိ ၂း၁–၂၆ (ဂျိမ်းဘုရင်မူ)

၁ - ထို့ကြောင့်၊ ငါ့သား၊ ခရစ်တော်ယေရှု၌ရှိသော ကျေးဇူးတော်၌ ကြံ့ခိုင်လျှက် ရှိလော့။
၂ - များပြားလှသောသက်သေခံတို့ကြား၌ သင် ငါ့ထံမှကြားခဲ့သည့် အကြောင်းအရာများကို၊ သစ္စာရှိသောယောကျ်ားများထံသို့ အပ်နှံလော့၊ အခြားသူများကို ပြန်လည်သင်ကြားနိုင်သူများထံဖြစ်သည်။
၃ - ထို့ကြောင့် သင်သည် ယေရှုခရစ်၏ ကောင်းသောစစ်သားကဲ့သို့၊ အခက်အခဲများကို သည်းခံလော့။
၄ - စစ်သားအဖြစ် တာဝန်ထမ်းဆောင်သူမည်သူမျှ ဤဘဝ၏အရေးကိစ္စများနှင့် သူတို့ကိုယ်သူတို့ မပတ်သက် မရှုတ်ထွေးစေကြပါ။
၅ - အကယ်၍တစုံတဦးသည်  ယှဉ်ပြိုင်နေသည်ဆိုလျှင်၊ သူသည် ဥပဒေနှင့်အညီ မယှဉ်ပြိုင်ပါက၊ သရဖူရနိုင်မည် မဟုတ်ပါ။
၆ - ကြိုးစားရုန်းကန်လျှက် လယ်လုပ်သူသည် အသီးအပွင့်များကို ပထမဆုံး ခံစားရမည့်သူဖြစ်ပါသည်။
၇ - ငါပြောသောအရာများကို တွေးတောဆင်ခြင်ပါ၊- သခင်ဘုရားက သင့်ကို အရာအားလုံး၌ နားလည်သဘောပေါက်ခြင်းကို ပေးပါမည်။
၈ - ယေရှုခရစ်သည် ဒါဝိတ်၏အမျိုးအနွယ်ဖြစ်သည်၊ ငါ၏ဧဝံဂေလိတရားအတိုင်း သေခြင်းမှထမြောက်သူဖြစ်သည်ကို မှတ်မိသတိရပါ။
၉ - ထိုအတွက်ကြောင့် ငါသည် ဆိုးညစ်ခြင်းကိုပြုလုပ်သူကဲ့သို့ ပြဿနာများကို ခံစားရသည်၊ ထောင်ကျသည်အထိ ဖြစ်သည်၊- သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထောင်ကျခြင်း မခံရရှိပါ။

၁၀ - ထို့ကြောင့် ငါသည် ရွေးကောက်ခြင်းခံရသူများအတွက် အရာခပ်သိမ်းကို ကြံ့ကြံ့ခံပါသည်၊ ထိုသို့ဖြင့် သူတို့သည် ခရစ်တော်ယေရှု၌ရှိသော ကယ်တင်ခြင်းကို ထာဝရဘုန်းကျက်သရေနှင့်အတူ ရနိုင်ကြမည်ဖြစ်သည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် အကယ်၍ ငါတို့သည် သူနှင့်အတူ သေကြလျှင်၊ သူနှင့်အတူ ရှင်ကြလိမ့်ဦးမည်ဖြစ်သည်၊- ဟုပြောခြင်းသည် သစ္စာရှိသောစကားဖြစ်ပါသည်၊-
၁၂ - အကယ်၍ ငါတို့ ဒုက္ခခံစားကြလျှင်၊ ငါတို့သည် သူနှင့်အတူ စိုးစံကြရလိမ့်ဦးမည်ဖြစ်သည်၊- အကယ်၍ သူ့ကို ငါတို့ ငြင်းပယ်ကြလျှင်၊ သူကလည်း ငါတို့ကို ငြင်းပယ်လိမ့်မည်ဖြစ်သည်၊-
၁၃ - အကယ်၍ ငါတို့ မယုံကြည်ကြလျှင်လည်း၊ သူသည် သစ္စာရှိလျှက်သာ တည်ရှိနေပါသည်၊- သူသည် မိမိကိုယ်ကို ငြင်းပယ်နိုင်သူ မဟုတ်ပါ။
၁၄ - ဤအကြောင်းအရာများကို အမြဲတမ်းမှတ်မိသတိရဖို့ ပြုပါ၊ သခင်ဘုရားရှေ့တွင် သူတို့ကို သတိပေးပါ၊ ထိုသို့ဖြင့် သူတို့သည် ကြားသူများကို ပျက်စီးစေမည့် အကျိုးမရှိသော စကားလုံးများအပေါ် အငြင်းပွားခြင်း မရှိဘဲ နေကြမည်ဖြစ်သည်။
၁၅ - သင့်ကိုယ်သင် ဘုရားသခင်က သဘောကျလက်ခံသူဖြစ်ကြောင်း ပြသနိုင်ဖို့ လေ့လာလော့၊ အရှက်ရစရာမလိုသော အလုပ်သမားဖြစ်လော့၊ အမှန်တရားနုတ်ကပတ်တော်ကို မှန်ကန်စွာပိုင်းခြားလော့။
၁၆ - သို့သော် အယုတ္တအနတ္တ/ယုတ်ညံ့သော၊ အချည်းနှီးမဲ့သော ပေါက်တတ်ကရပြောဆိုခြင်းများကို ရှောင်လော့၊- အဘယ့်ကြောင့်ဆိုသော် ၎င်းတို့က ဘုရားတရားမဲ့မှုကိုသာ ပို၍ တိုးပွားစေပါလိမ့်မည်။
၁၇ - သူတို့၏စကားများက ကင်ဆာကဲ့သို့ စားလိမ့်မည်၊- ထိုသို့သောစကားပြောသူတို့ထဲတွင် ဟိုင်းမနေးယပ်စ်နှင့် ဖီလဲတပ်စ် တို့ပါကြပါသည်။
၁၈ - သူတို့သည် အမှန်တရားမှ လမ်းလွဲကြပြီဖြစ်သည်၊ ရှင်ပြန်ထမြောက်ခြင်းသည် အတိတ်ကဖြစ်ပြီးခဲ့ပြီဟု ပြောကြပါသည်၊- ထိုသို့ဖြင့် သူတို့သည် လူအချို့တို့၏ယုံကြည်ခြင်းကို မှောက်လှန်ခဲ့ကြပြီဖြစ်သည်။
၁၉ - မည်သို့ပင်ဖြစ်ပါစေ၊ "ဘုရားသခင်သည် သူ့လူများကို သိတော်မူသည်"ဆိုသော တံဆိပ်ခတ်နိုပ်လျှက်၊ ဘုရားသခင်၏အခြေခံအုတ်မြစ်သည် ခိုင်မာစွာတည်ရှိနေပါသည်။ ထို့ကြောင့် ခရစ်တော်၏အမည်ကို ခေါ်သောသူတိုင်း အပြစ်ဒုစရိုက်မှ ရှောင်ကြစေ။
၂၀ - သို့သော် ကြီးသောအိမ်တော်ကြီးထဲတွင် ရွှေ၊ ငွေတို့နှင့်ပြုလုပ်သော အသုံးအဆောင်များသာ ရှိနေကြသည်မဟုတ်ပါ၊ သစ်သား၊ မြေကြီးတို့ဖြင့် ပြုလုပ်သောအသုံးအဆောင်များလည်း ရှိနေကြပါသည်၊- အချို့သည် ဂုဏ်ကျက်သရေရှိဖို့၊ အချို့မှ ဂုဏ်ကျက်သရေ မရှိဖို့ ဖြစ်ပါသည်။
၂၁ - အကယ်၍ တစုံတဦးသည် ထိုအရာများမှ မိမိကိုယ်ကို စင်ကြယ်စေလျှင်၊ သူသည် ဂုဏ်ကျက်သရေရှိသော၊ သန့်ရှင်းစေပြီးသော၊ သခင်အသုံးပြုဖို့ ကိုက်ညီသော အသုံးအဆောင်ဖြစ်လာလိမ့်မည်၊ ကောင်းသောအလုပ်တိုင်းအတွက် ပြင်ဆင်ထားသူဖြစ်ပါမည်။
၂၂ - ထို့အတူ သင် ငယ်ရွယ်သူတို့၏တပ်မက်ခြင်းများမှလည်း ထွက်ပြေးလော့၊- သို့သော် စင်ကြယ်သောနှလုံးသားမှနေ၍ သခင်ဘုရားထံ ဆုတောင်းသူတို့နှင့်အတူ ဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့နောက်သို့ လိုက်လော့။
၂၃ - သို့သော် မိုက်မဲသော၊ ပညာမဲ့သောမေးခွန်းတို့ကို ရှောင်လော့၊ ထိုမေးခွန်းတို့က ခိုက်ရန်ဖြစ်ပွားခြင်းတို့ကိုသာ မွေးထုတ်ပေးသည်ကို သိလျှက် ရှောင်လော့။
၂၄ - သခင်ဘုရား၏အစေခံသည် ရန်တွေ့သူ မဖြစ်ရ၊ သို့သော် လူအားလုံးထံ နူးညံ့သိမ်မွေ့သူဖြစ်ရမည်။ သင်ကြားတတ်သူ ဖြစ်ရမည်၊ သည်းခံစိတ်ရှည်နိုင်ရမည်၊
၂၅ - နှိမ့်ချခြင်းနှင့် ဆန့်ကျင်လာသူများကို သွန်သင်ဆုံးမသူဖြစ်ရမည်၊- ဘုရားသခင်က ထိုသူတို့ကို နောင်တရခြင်းအား ပေးကောင်းပေးနိုင်ပါသည်၊ ထိုသို့ဖြင့် သူတို့သည် အမှန်တရားကို အသိအမှတ်ပြုလာနိုင်ကြမည်ဖြစ်သည်၊-
၂၆ - ထိုသို့ဖြင့် နတ်ဆိုးက သူကြိုက်သလိုလုပ်ရန် ကျွန်ဖြစ်ထားစေသော သူတို့သည်၊ နတ်ဆိုး၏ကျော့ကွင်းမှ မိမိတို့ကိုယ်ကို လွတ်မြောက်စေနိုင်ကြမည်ဖြစ်သည်။

++++++++++++++++++++++++++

**ဒေသနာကျမ်း ၅း၁–၂၀ (ဂျိန်းဘုရင်မူ)**

၁ - ဘုရားသခင်၏အိမ်တော်ကို သင်သွားသောအခါ သင့်ခြေကို စောင့်ထိန်းပါ၊ လူမိုက်တို့၏ယဇ်ပူဇော်ခြင်းကို ပေးဖို့ထက် နားထောင်ဖို့ အဆင်သင့်ရှိပါ၊- အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဆိုးညစ်မှုကို ပြုနေကြခြင်းဖြစ်ကြောင်း မတွေးမိကြ၍ဖြစ်သည်။
၂ - သင့်နုတ်မှ အလျှင်စလို မပြောလိုက်နှင့်၊ ဘုရားသခင့်ရှေ့တော်တွင် သင်၏နှလုံးသားအား တစုံတရာကို အလျှင်စလို မရေရွတ်မိစေနှင့်၊- အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ကောင်းကင်ဘုံတွင်ရှိတော်မူသည်၊ သင်သည် မြေကြီးပေါ်တွင်သာ ရှိနေ၍ဖြစ်သည်၊- ထို့ကြောင့် သင် စကားများနှင့်။
၃ - အဘယ့်ကြောင့်ဆိုသော် အိမ်မက်သည် များပြားသောအကြောင်းအရာတို့ကြောင့် ရောက်လာတတ်ပါသည်၊- ထို့အတူ လူမိုက်၏အသံသည်လည်း များပြားသောစကားလုံးတို့ဖြင့် သိလာရပါသည်။
၄ - သင်သည် ဘုရားသင့်ထံသို့ ကျိန်ဆိုကတိပေးလျှင်၊ ၎င်းကို ပေးဖို့ရန် မပျက်ကွက်နှင့်၊- အဘယ့်ကြောင့်ဆိုသော် သူသည် လူမိုက်တို့ကို သဘောကျသူ မဟုတ်ပါ၊- သင်ကတိပေးထားသည်ကို ပြုဖြစ်အောင်ပြုလုပ်ပါ။
၅ - ထို့ကြောင့် သင် ကျန်ဆိုကတိပေးလျှက် မပြုလုပ်ဘဲနေခြင်းထက်၊ ကျိန်ဆို ကတိမပေးခြင်းက ပိုကောင်းပါသည်။

၆ - သင့်အသွေးအသား အပြစ်ပြုခြင်း ဖြစ်စေဖို့ သင့်နုတ်ကို ခွင့်မပြုနှင့်၊- ၎င်းသည် အမှားဖြစ်သည်ဟု ကောင်းကင်တမန် ရှေ့တွင်လည်း မပြောနှင့်၊- အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သင့်အသံကြောင့် အမျက်ဒေါသ ထွက်သင့်ပါသလော? သင့်လက်တို့က လုပ်ကိုင်သည်များ ဖျက်ဆီးခံသင့် ပါသလော?
၇ - အဘယ့်ကြောင့်ဆိုသော် များပြားလှသောအိမ်မက်တို့နှင့်စကားများကြောင့်၊ များပြားလှသော အချည်းနှီးမဲ့မှုများ ဖြစ်လာကြရခြင်း ဖြစ်ပါသည်၊ ထိုမှဆန့်ကျင်စွာ သင် ဘုရားသခင်ကိုသာ ကြောက်ရွံ့ပါ။
၈ - သင် ဆင်းရဲသားအား ဖိနှိပ်သည်ကို မြင်ခဲ့ပါလျှင်၊ ပြည်နယ်ထဲ၌ ဖြောင့်မတ်ခြင်းနှင့်တရားစီရင်ခြင်းတို့ကို ပြင်းထန်စွာ လွဲမှားစေသည်ကို တွေ့မြင်ခဲ့လျှင်၊ ထိုအမှုကိစ္စကြောင့် မအံ့သြနှင့်၊- အဘယ့်ကြောင့်ဆိုသော် အမြင့်ဆုံးသောသူထက် မြင့်မားသူက ကြည့်နေသောကြောင့်ဖြစ်သည်၊- သူတို့ထက် မြင့်မားသူသည် ရှိနေပါသည်။
၉ - ထို့အပြင် ကမ္ဘာမြေကြီး၏အကျိုးအမြတ်များသည် အားလုံးအတွက်ဖြစ်ပါသည်၊- ရှင်ဘုရင်ကိုယ်တိုင်ပင်လျှင် မြေကြီး၏ အမှုဆောင်ပေးခြင်းကို ခံရသူဖြစ်ပါသည်။
၁၀ - ငွေကို ချစ်သောသူသည် ငွေနှင့် ကျေနပ်ခြင်းကို ရနိုင်မည်မဟုတ်ပါ၊- ထို့အတူ များပြားခြင်းကို ချစ်သောသူသည်၊ များပြားတိုးတက်ခြင်းနှင့် ကျေနပ်ခြင်းကို ရနိုင်မည်မဟုတ်ပါ၊- ၎င်းသည်လည်း အချည်းမဲ့မှုသာ ဖြစ်ပါသည်။
၁၁ - ပစ္စည်းဥစ္စာတိုးပွားသောအခါ၊ ၎င်းတို့ကို သုံးစွဲစားသုံးသူတို့လည်း တိုးပွားလာကြပါသည်၊- ထို့ကြောင့် ၎င်းတို့အား ပိုင်ဆိုင်သူတို့ထံတွင် မည်သည့်ကောင်းခြင်းသည် ရှိပါသေးသနည်း? ၎င်းတို့အား မိမိတို့မျက်လုံးများဖြင့် ကြည့်မြင်ယုံမျှသာ ဖြစ်သည် မဟုတ်ပါလော?
၁၂ - အနည်းငယ်သာ စားရသည်ဖြစ်စေ၊ များပြားစွာစားရသည်ဖြစ် ကြိုးပမ်းအားထုတ်သူ၏အိပ်စက်ခြင်းသည် ချိုမြိန်ပါသည်၊- သို့သော် များပြားလှသော ချမ်းသာခြင်းက သူဌေးကို အိပ်စက်ခွင့်မပေးပါ။
၁၃ - နေရောင်အောက်၌ ငါမြင်ခဲ့ပြီးသည့် နာကျင်စရာကောင်းလှသောဆိုးညစ်မှု ရှိပါသည်၊ အမည်အားဖြင့်ဖေါ်ပြရလျှင်၊ ပိုင်ရှင်တို့အား ထိခိုက်စေဖို့ သိုလှောင်ထားသော ချမ်းသာခြင်းများ ဖြစ်ပါသည်။
၁၄ - သို့သော် ထိုချမ်းသာခြင်းများသည် ဆိုးညစ်သောဒုက္ခသုက္ခဖြင့် ပျက်စီးသွားကြပါသည်၊- ထို့နောက် သူသည် သားတဦးကို ဖွားမြင်ပါသည်၊ ထိုအခါ သူ့လက်ထဲတွင် ဘာမှမကျန်ခဲ့တော့ပါ။
၁၅ - သူသည် သူ့မိခင်ဝမ်းမှ ဗလာဖြင့် ထွက်လာခဲ့သလို၊ ဗလာဖြင့် သူပြန်သွားရတော့မည်ဖြစ်ပါသည်၊ သူ့လက်ဖြင့် သယ်ဆောင်ထားမည် ဖြစ်ပါသော်လည်း၊ သူကြိုးစားလုပ်ကိုင်ခြင်း ဘာတခုကိုမှ ယူသွားနိုင်မည် မဟုတ်ပါ။
၁၆ - ထိုအရာသည်လည်း အလွန်ဆိုးဝါးသော ဆိုးညစ်မှုဖြစ်ပါသည် - သူလာခဲ့သည့်ပုံစံအတိုင်း အတိအကျနှင့် ပြန်သွားရခြင်းဖြစ်ပါသည်၊- လေအတွက် သူကြိုးစားလုပ်ကိုင်ခဲ့သမျှသည် ဘာအကျိုးရှိပါသနည်း?
၁၇ - သူ့နေ့ရက်အားလုံးသည်လည်း အမှောင်ထဲတွင် စားနေခဲ့ခြင်းဖြစ်ပါသည်၊ သူ့ထံတွင် များပြားလှသော ဝမ်းနည်းရခြင်း၊ ဖျားနာမှုနှင့်အတူ ဒေါသထွက်ရခြင်း များစွာရှိနေပါသည်။
၁၈ - ငါတွေ့မြင်ခဲ့သည်ကို ကြည့်လိုက်ပါ၊- လူတဦးတွက် သူ့ဘဝတလျှောက်လုံး နေအောက်တွင် ကြိုးစားခဲ့သမျှဖြင့် ဘုရားသခင်မှ သူ့ကိုပေးသနား၍ ရရှိခဲ့သည့်၊ အားလုံးသော ကောင်းမြတ်ခြင်းများကို ခံစားကာ၊ စားလျှက် သောက်လျှက် နေခြင်းသည် ကောင်းမြတ်လှပါသည်၊ တင့်တယ်လှပါသည်၊- အဘယ့်ကြောင့်ဆိုသော် ၎င်းသည် သူ့ဝေစု ဖြစ်ပါသည်။
၁၉ - ဘုရားသခင်က ချမ်းသာခြင်းများနှင့်ကြွယ်ဝခြင်းများကို ပေးသနားတော်မူသော လူတိုင်းထံတွင်၊ ၎င်းကြွယ်ဝ ချမ်းသာခြင်းတို့ကို စားသောက်နိုင်သော စွမ်းအားကိုလည်း ပေးသနားတော်မူပါသည်၊ မိမိ၏ဝေစုကို ယူနိုင်ရသောအခွင့်နှင့် မိမိ၏ကြိုးစားမှုကို ခံစားနိုင်သောအခွင့်ကိုလည်း ပေးသနားတော်မူပါသည်၊- ၎င်းသည် ဘုရားသခင်၏လက်ဆောင်ဖြစ်ပါသည်။
၂၀ - အဘယ့်ကြောင့်ဆိုသော် သူသည် သူ့ဘဝ၏နေ့ရက်များကို သိပ်မှတ်မိတော့မည် မဟုတ်ပါ၊- အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ့နှလုံးသား၏ဝမ်းမြောက်ခြင်း၌ သူ့ကို အဖြေပေးတော်မူသောကြောင့် ဖြစ်ပါသည်။

×××××××××××

## သခင်ဘုရား၏နေ့ (၃၄)

၉၂။ ဘုရားသခင်၏ပညတ်တော်ဆိုသည်မှာအဘယ်နည်း?

ထွက်မြောက်ရာကျမ်း(၂၀)နှင့်တရားဟောရာကျမ်း(၅)တို့၌ ဘုရားသခင်သည် ဤစကားလုံးများကို ပြောတော်မူသည်၊ ပြောတော်မူသည်မှာ၊ ငါသည် သင်၏သခင် ဘုရားသခင်ဖြစ်တော်မူသည်၊ အီဂျစ်ပြည်မှ သင့်ကို ထုတ်ဆောင်သူဖြစ်သည်၊ ကျွန်ခံနေရသောအိမ်မှ ထုတ်ဆောင်ခဲ့သူဖြစ်သည်။

(၁) သင့်ထံ၌ ငါ့ရှေ့တွင် အခြားသောဘုရားများ မရှိရ။

(၂) သင်သည် မိမိအဘို့ မည်သည့်ထွင်းထုသောရုပ်တုကိုမျှ မလုပ်ရ (သို့) ကောင်းကင်ပေါ်တွင်ရှိသောအရာ၊ (သို့) မြေကြီးပေါ်၌ရှိသောအရာ၊ (သို့) မြေကြီးအောက် ရေထဲ၌ရှိသောအရာ တခုခုနှင့် တူသောအရာကို မလုပ်ရ၊ ထိုအရာတို့ရှေ့၌ သင် မိမိကိုယ်ကို ဦးမညွတ်ရ၊ သူတို့အမှုကို မထမ်းဆောင်ရ၊ အဘယ့်ကြောင့်ဆိုသော် သင်၏သခင် ငါ ဘုရားသခင်သည် အလွန်စိတ်အားထက်သန်သောဘုရားဖြစ်သည်၊ ငါ့ကိုမုန်းသောသူတို့၏ မျိုးနွယ်ဆက် သုံးဆက်၊ လေးဆက်တိုင်အောင် ဖခင်တို့၏အပြစ်များကို သားသမီးတို့ပေါ်သို့ ရောက်စေသူဖြစ်သည်။ ထို့အပြင် ငါ့ကိုချစ်သောသူ၊ ငါ့ပညတ်တို့အား စောင့်ထိန်းသူတို့၏ မျိုးနွယ်ဆက် ထောင်ပေါင်းများစွာထိအောင် ဂရုဏာကို ပြသူဖြစ်သည်။

(၃) သင်သည် သင့် သခင်ဘုရားသခင်၏အမည်ကို အချည်းနှီးမဲ့ အသုံးမပြုရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏အမည်အား အချည်းနှီးမဲ့အသုံးပြုသူကို အပြစ်မဲ့သူဟု ထင်မည်မဟုတ်။
(၄) အနားယူရာနေ့ကို သတိရပါ၊ ၄င်းကို သန့်ရှင်းစွာ စောင့်ရှောက်ပါ။ သင် ခြောက်ရက်လုံး ရုန်းကန်လုပ်ရှားပါ၊ သင်၏အလုပ်အားလုံးကို လုပ်ပါ။ သို့သော် ခုနစ်ရက်နေ့သည် သင်၏သခင် ဘုရားသခင်၏ အနားယူရာနေ့ဖြစ်သည်၊ ထိုနေ့တွင် သင် ဘာအလုပ်မှ မလုပ်ရ၊ သင်၏သား၊ သင်၏သမီး၊ သင်၏ကျွန်ယောကျ်ား၊ သင်၏ကျွန်မ၊ သင်၏တိရိစ္ဆာန်များ၊ သင့် အိမ်ဝင်းထဲ၌ရှိနေသော ဧည့်သည် မည်သူမျှ အလုပ်မလုပ်ရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ခြောက်ရက်အတွင်း ကောင်းကင်နှင့်မြေကြီး၊ ပင်လယ်နှင့် ပင်လယ်ထဲရှိသမျှတို့ကို ပြုလုပ်တော်မူသည်၊ ထို့နောက် ခုနစ်ရက်နေ့တွင် နားတော်မူသည်၊ ထို့ကြောင့် ဘုရားသခင်သည် အနားယူရာနေ့ကို ကောင်းချီးပေးသည်၊ မြင့်မြတ်စေပါသည်။
(၅) သင်၏ဖခင်နှင့် သင်၏မိခင်ကို ရိုသေလေးစားပါ၊ ထိုသို့ဖြင့် သင်၏နေ့ရက်တို့သည် သင်၏သခင် ဘုရားသခင်က ပေးသောမြေတွင် ရှည်လျားမည်ဖြစ်သည်၊
(၆) သင်သည် သူများကို မသတ်ရ။
(၇) သင်သည် ကာမပိုင်ရှိသူနှင့် မဖေါက်ပြန်ရ။
(၈) သင်သည် မခိုးရ၊
(၉) သင်သည် သင်၏အိမ်နီးချင်းကို ဆန့်ကျင်လျှက် မှားသောသက်သေမခံရ။
(၁၀) သင်သည် သင့်အိမ်နီးချင်း၏အိမ်ကို မတပ်မက်ရ၊ သင်သည် သင့်အိမ်နီးချင်း၏ဇနီးကို မတပ်မက်ရ၊ ထို့အပြင် သူ၏ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ သူ၏နွား၊ သူ၏မြည်း၊ သင့်အိမ်နီးချင်းပိုင်သောအရာတခုကိုမျှ မတပ်မက်ရ။

၉၃။ ဤပညတ်တော်များကိုမည်သို့ခွဲထားပါသနည်း?

ကျောက်ပြားနှစ်ပြားဖြင့်ခွဲထားသည်။ ပထမပိုင်းက ဘုရားသခင့်ထံ၌ ကျွန်ုပ်တို့ မည်သို့ပြုမူရမည်ကိုသွန်သင်သည်။ ဒုတိယပိုင်းက မိမိတို့အိမ်နီးချင်းများထံထားရှိရမည့် ကျွန်ုပ်တို့၏တာဝန်ဝတ္တရားများကို သွန်သင်သည်။
(ထွက် ၃၄း၂၈-၂၉၊ တရား ၄း၁၃၊ ၁၀း၃-၄)

၉၄။ ပထမပညတ်တော်၌ ဘုရားသခင်က မည်သည်ကိုစေခိုင်းသနည်း?

ကျွန်ုပ်သည် မိမိ၏ဝိညာဉ်ကယ်တင်ခြင်းရရန် ရိုးသားစွာနှင့်ဆန္ဒရှိသည်ဖြစ်၍ ရုပ်တုကိုးကွယ်ခြင်း၊ မှော်အတတ်စုန်းအတတ်များ၊ ဗေဒင်ဟောခြင်း၊ အယူသီးခြင်း၊ သူတော်စင်များ (သို့) အခြားဖန်ဆင်းခံသတ္တဝါများအား ဆုတောင်း ကိုးကွယ်ခြင်းတို့မှ ထွက်ပြေးရှောင်ကြဉ်ပါမည်၊ တပါးတည်းသာရှိသည့် မှန်သောဘုရားသခင်ကိုသိရန် မှန်ကန်စွာ သင်ယူမည်၊ သူတပါးတည်းကိုသာအားကိုးပါမည်၊ နှိမ့်ချခြင်း၊ သည်းခံခြင်းနှင့် သူ၏အလိုတော်ကို ဝန်ခံမည်၊ ကောင်းသောအရာများအားလုံးကိုလည်း သူ့ထံတော်မှသာ မျှော်လင့်မည်၊ ကျွန်ုပ်၏ စိတ်နှလုံး အကြွင်းမဲ့ဖြင့် သူ့ကိုချစ်မည်၊ ကြောက်ရွံ့ရိုသေမည်၊ ဘုန်းတော် ချီးမွမ်းမည်၊ ထို့သို့ဖြင့် ကျွန်ုပ်သည် သူ၏အလိုတော်မှလွဲနေသည့် သေးငယ်သောအရာကိုပင် ကျူးလွန်မည့်အစား ဖန်ဆင်းခံသတ္တဝါများအားလုံးကို စွန့်လွှတ်ပါမည်၊ ကျောခိုင်းပါမည်။

၉၅။ ရုပ်တုကိုးကွယ်ခြင်း ဆိုသည်မှာအဘယ်နည်း?

ရုပ်တုကိုးကွယ်ခြင်းဆိုသည်မှာ၊- မိမိနှုတ်ကပတ်တော်ထဲ၌ မိမိကိုယ်ကိုဖေါ်ပြသည့် တပါတည်းစစ်မှန်သော ဘုရားသခင်အစား (သို့) ဘုရားသခင်အပြင် အခြားအရာတခုခုကို၊ (သို့) အခြားအရာတခုခုကို ဖန်တီးလျှက် လူတို့က အားကိုးခြင်း ဖြစ်သည်။
(၅ရာ ၁၆း၁၂၊ ဖိ ၃း၁၈-၁၉၊ ဂလာ ၄း၈၊ ဧဖက် ၂း၁၂)